ဦးညီညီဇော်
LL.B, LL.M, D.B.L
အထက်တန်းရှေ့နေ

# အထူးကုမ္ပဏီ အက်ဥပဒေ

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၅၄။] (၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်။)

# SPECIAL COMPANY ACT

**[Act No. 54 of 1950] (10th November 1950)**

## အထူးကုမ္ပဏီအက်ဥပဒေ

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၅၄။] (၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်။)

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေရှိ အချို့သော ပြဋ္ဌာန်းချက်များနှင့် အကြောင်းအားလျော်စွာ ထိုအပ်ချက်မှ မသက်ဆိုင်သော ကုမ္ပဏီမျိုး ဖွဲ့စည်းရန် ရည်ရွယ်သည် တစ်ကြောင်း၊

ထိုကုမ္ပဏီကို ဖွဲ့စည်းရန်ကိစ္စနှင့် အခြားကိစ္စများအတွက် ပြဋ္ဌာန်းရန် လိုအပ်သည့်လည်း တစ်ကြောင်း၊

ထိုအကြောင်းများကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤအက်ဥပဒေကို ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော် သမ္မတ သတ်မှတ်သည့်နေ့[2] တွင် အာဏာတည်ရမည်။

၂။ ဤအက်ဥပဒေတွင်—

(က) "သင်းဖွဲ့စည်းမျဉ်းများ" ဆိုသည်မှာ၊ နိုင်ငံတော်သမ္မတက မူလသဘောတူညီထားသည့် ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများနှင့် နောက်ထပ် ပြင်ဆင်ချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များကို ဆိုလိုသည်၊

---

[1] Inserted by Act XL, 1947.

[2] ၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်။ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၀ ပြည့်နှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၇၅၉ တွင်ကြည့်။

## Special Company Act

(Act No. 54 of 1950) (10th November, 1950)

Whereas it is intended, when circumstances require to form a type of company to which certain provisions of the Myanmar Companies Act do not apply;

And whereas it is expedient to make provisions for the formation of such company and for other purposes;

It is hereby enacted as follows:—

1. (1) This Act shall be called the Special Company Act, 1950;

   (2) This Act shall come into force on such date[1] the President of the Union, by notification, specify.

2. In this Act:—

   (*a*) " Articles " means the articles of association of the company originally approved by the President of the Union and subsequent amendments or alterations thereto;

---

[1] Inserted by Act XI 1947.

( ခ ) "ကုမ္ပဏီ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းမည့်ကုမ္ပဏီကို ဆိုလိုသည်၊

( ဂ ) "သင်းဖွဲ့မှတ်တမ်း" ဆိုသည်မှာ၊ နိုင်ငံတော် သမ္မတက မူလ သဘောတူညီထားသည့် ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် နောက်ထပ် ပြင်ဆင်ချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များကို ဆိုလိုသည်။

၃။ မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များအနက် ဤအက်ဥပဒေက ဖြစ်စေ၊ သင်းဖွဲ့စည်းမျဉ်းကဖြစ်စေ၊ သင်းဖွဲ့မှတ်တမ်းကဖြစ်စေ အတိအလင်း သော်လည်းကောင်း၊ သဘောအဓိပ္ပာယ်အရ သော်လည်းကောင်း ပယ်ဖျက်ခြင်း မပြုသော သို့တည်းမဟုတ် မသက်ဆိုင်ရဟု တားမြစ်ခြင်းမပြုသော ပြဋ္ဌာန်းချက်များသာလျှင် ကုမ္ပဏီနှင့် သက်ဆိုင်ရမည်။

၄။ နိုင်ငံတော်သမ္မတသည် အမိန့်ကြော်ငြာစာဖြင့်—

( က ) ကုမ္ပဏီ၏ အမည်ကိုလည်းကောင်း၊ အခါအားလျော်စွာ အမည်ပြောင်းလဲခြင်းကို လည်းကောင်း ပြဋ္ဌာန်းနိုင်သည်၊

( ခ ) မည်သူတို့သည်၊ ကုမ္ပဏီ၏ ပထမအဖွဲ့ဝင်များ ဖြစ်ရမည်ဟု သတ်မှတ်နိုင်သည်၊

( ဂ ) မည်သူတို့သည်၊ ဆိုခဲ့သည့်ပထမအဖွဲ့ဝင်များအဖြစ်၊ သို့တည်းမဟုတ် ထိုသူတို့ကိုယ်စား ဆောင်ရွက်လျက် ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းကို လက်မှတ်ရေးထိုးခြင်းဖြင့် သင်းဖွဲ့မှတ်တမ်းတွင် ဖော်ပြထားသည့်အတိုင်း တာဝန်ကန့်သတ်၍ ကုမ္ပဏီဖွဲ့စည်းသည်ဟု သတ်မှတ်နိုင်သည်၊

( ဃ ) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို သဘောတူညီနိုင်သည်။ ထို့ပြင် ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏ ပြောင်းလဲချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက် တစ်ခုခုကို သဘောတူညီချက်ရရှိရန် ကုမ္ပဏီက လျှောက်ထားသည့်အခါ အခါအားလျော်စွာ သဘောတူညီနိုင်သည်။

(*b*) " Company " means the company to be formed under this Act;

(*c*) " Memorandum " means the memorandum of association of the company originally approved by the President of the Union and subsequent amendments or alterations thereto.

3. Of the provisions of the Myanmar Companies Act, only the provisions which are not repealed by this Act or articles or memorandum, express or implied, or which are not prohibited as inapplicable shall apply to the company.

4. The President of the Union by notification:—

(*a*) may make provisions as to the name of the company or changing the name from time to time;

(*b*) may specify the persons who shall be the first members of the company;

(*c*) may specify who, as of the aforesaid first members, or acting, on their behalf by signing the memorandum of the company form the company with limited liability as mentioned in the memorandum;

(*d*) may approve the memorandum and the articles. In addition, on an application being made by the company for the approval of any alteration or addition in the memorandum or articles may from time to time signify his approval.

၅။ ကုမ္ပဏီသည်၊ သင်းဖွဲ့မှတ်တမ်း၏၊ သို့တည်းမဟုတ် သင်းဖွဲ့စည်းမျဉ်းများ၏ ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တစ်ခုခုကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက် ရရှိရန် သင်းဖွဲ့စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း နိုင်ငံတော်သမ္မတထံ လျှောက်ထားရမည်။

၆။ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို သော်လည်းကောင်း၊ ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏ နောက်ထပ် ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တစ်ခုခုကို သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက သဘောတူညီကြောင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်အခါ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများရှိ ပြဋ္ဌာန်းချက် အသီးသီးသည်၊ သို့တည်းမဟုတ် ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏ နောက်ထပ်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တစ်ခုခုရှိ ပြဋ္ဌာန်းချက် အသီးသီးသည် မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေတွင် သော်လည်းကောင်း၊ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်တွင် သော်လည်းကောင်း မည်သို့ပင် ဆိုထားစေကာမူ ကိစ္စဟူသမျှအတွက် တရားဝင်ရမည်။

၇။ (၁) မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေအရ၊ ကုမ္ပဏီများမှတ်ပုံတင်သောတာဝန်ဝတ္တရားကို ဆောင်ရွက်သည့် မှတ်ပုံတင် အရာရှိထံတွင် ကုမ္ပဏီကို "အထူးကုမ္ပဏီ" အဖြစ် မှတ်ပုံတင်ရမည်။

(၂) မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေရှိ၊ သို့တည်းမဟုတ် သင်းဖွဲ့မှတ်တမ်းရှိ၊ သို့တည်းမဟုတ် သင်းဖွဲ့စည်းမျဉ်းများရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ကုမ္ပဏီကို မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်ရမည်။

၈။ (၁) မြန်မာကော်ပိုရေးရှင်း လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းများ၏ စည်းမျဉ်း ၁၆၅ သည် ဤအက်ဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပျက်ပြယ်သည့်ပြင် တရားဥပဒေအဖြစ် အကျိုးသက်ရောက်ခြင်း မရှိဟု မှတ်ယူရမည်။

5. The company shall apply to the President of the Union in accordance with the provisions prescribed in the articles to obtain the approval of the President of the Union for any alteration or addition in the memorandum or in the articles.

6. On the publication of a notification by the President of the Union approving the memorandum and articles or any subsequent amendments or additions thereto every provision of the memorandum and articles or every provision of the subsequent amendments or addition thereto shall, notwithstanding anything contained in the Myanmar Companies Act or any other existing law, be lawful for all purposes.

7. (1) The Company shall be registered as a "Special Company" with the Registrar who carries on the duties of the registration of companies under the Myanmar Companies Act;

(2) The provisions of the Myanmar Companies Act if not contrary to the provisions of this Act or memorandum or articles shall apply to registration of the company.

8. (1) Regulation 165 of the articles of the Myanmar Corporation Limited is annulled from the date this Act comes into force and shall be deemed to have ceased to have any legal effect;

( ၂ ) ဆိုခဲ့သည့်နေ့မှစ၍ ဆိုခဲ့သည့် သင်းဖွဲ့စည်းမျဉ်းများ၏ စည်းမျဉ်း ၇၄ ကို အောက်ပါအတိုင်း ပြင်ဆင်သည်ဟု မှတ်ယူရမည်။

"အစုများထုတ်ပေးခြင်း၊ သို့တည်းမဟုတ် ဆိုင်ရာအချိန်၌ လက်ရှိထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် (မဲဆန္ဒပေးခြင်းဆိုင်ရာ အထူးစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အဖွဲ့ဝင်တိုင်းမှာ လက်ပြ၍ မဲဆန္ဒပေးရသည့်အခါ) မဲဆန္ဒတစ်ခုကျ ပေးနိုင်ခွင့် ရှိရမည်။ မဲပြားဖြင့် မဲဆန္ဒပေးရသည့်အခါ အဖွဲ့ဝင်တိုင်းမှာ မိမိပိုင် အစုတစ်ခုလျှင် မဲပြားတစ်ခုကျ ပေးနိုင်ခွင့် ရှိရမည်။"

၉။ နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေပါ ကိစ္စအားလုံးကိုဖြစ်စေ၊ ကိစ္စတစ်ခုခုကိုဖြစ်စေ ဆောင်ရွက်ရန်အလို့ငှာ နည်းဥပဒေများ ပြုလုပ်နိုင်သည်။ ထိုနည်းဥပဒေများသည် ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားဘိသကဲ့သို့ အကျိုးသက်ရောက်ရမည်။

၁၀။ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များအတိုင်း အထမြောက်အောင် ဆောင်ရွက်ရေးအတွက် လိုအပ်သည့်ငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်ငွေများမှ ထုတ်ပေးနိုင်သည်။

(2) Regulation 74 of the aforesaid articles shall be deemed to have been amended as follows from the aforesaid date:—

"Without being contrary to the special conditions for voting in respect of the issue of shares or holding of shares at time pertinent, every member shall have the right of one vote when voting by a show of hands; when voting by ballot every member shall have the right of one ballot for every share he owns."

9. The President of the Union may make rules to carry out all or any of the purposes of this Act. Such rules shall have effect as if prescribed in this Act.

10. In order to effectively implement the provisions of this Act, the funds required may be paid out of the revenue of the Union of Myanmar.